# ချောအိမာန်၊ (မန္တလေး)

## ဝတ္ထုတိုစုစည်းမှု



# အမှာစာ

ကျွန်မရဲ့ စာဖတ်ပရိသတ်တွေကို တစ်စုံတစ်ခု ပေးဖို့ မျှော်လင့်တိုင်း စာတွေ အမြဲရေးဖြစ်အောင် ကြိုးစားနေရပါတယ်။ ဒီစာအုပ်လေးကို လုပ်ဖြစ်သွားရတဲ့ အကြောင်းကတော့ စာပေနဲ့ပတ်သက်ရင် ကျွန်မမှာ ဂဏှာမငြိမ်တတ်ဘူး။ တစ်ခုခု အမြဲလုပ်ချင်နေတယ်။ အခြား သူတွေကိုလည်း အားကျတယ်၊ ရှေ့ကလူတွေလိုလည်း လုပ်ကြည့်ချင်တယ်။ တစ်ယောက်တည်း နှစ်အုပ်ထွက်ပြီးပြီဆိုတော့ နှစ်ယောက်တွဲထုတ်ဖို့ စိတ်ကူးရှိခဲ့တယ်။ ဒါကြောင့် ကျွန်မနဲ့ ဝါသနာ တူတဲ့ ညလင်းဖြူကို ကျွန်မနဲ့တွဲပြီး အမှတ်တရ စာအုပ်လေးတစ်အုပ် ထုတ်ဖို့ ပြောကြည့်တဲ့အခါ သူကလည်း လုပ်ဖို့ စိတ်ပါလက်ပါ သဘောတူခဲ့တယ်။

ညလင်းဖြူကို ကျွန်မ စသိတုန်းက သုတေသနဆောင်းပါးတွေကိုပဲ ရေးနေသူအဖြစ်နဲ့ပေါ့။ သူ့ကို ကျွန်မက ဝတ္ထုတိုတွေ ရေးကြည့်ဖို့ တိုက်တွန်းအားပေးခဲ့တယ်။ သူကလည်း သူ့အမြင်နဲ့ သူ ကြိုးစားရေးတာလည်း တွေ့ရပါတယ်။ ပြီးတော့ ဒီစာအုပ်လေးဟာ ကျွန်မတို့နှစ်ယောက်ရဲ့ အောက်တိုဘာလ နှစ်ဆယ့်တစ် မွေးနေ့တူ အမှတ်တရဖြစ်သလို၊ စာပေနဲ့ပတ်သက်ပြီး အမှတ်တရလည်း ဖြစ်တယ်။

အမေလူထု ဒေါ်အမာက ကျွန်မတို့ကို ပြောခဲ့တယ်...

"ခေတ်လူငယ်တွေ စာသိပ်ရေးစေချင်တယ်" တဲ့။ ဒါကြောင့် အမေလူထုဒေါ်အမာ ပြောသလို ကျွန်မကလည်း မိန်းကလေး၊ ယောကျ်ားလေး တော်တော်များများကို စာသိပ်ရေးစေချင် ပါတယ်။

ဒီကနေ့ ရေးလိုက်တဲ့စာဟာ မနေ့ကရေးတဲ့ စာတွေထက် ပိုကောင်းအောင် ကြိုးစားနေရ ပါတယ်။ ရသစာပေလို့ ပြောနေတဲ့ခေတ်ကြီးမှာ ကျွန်မတို့ စာတွေဟာ ရသစာပေ စစ်ချင်မှ စစ်ပါလိမ့်မယ်။ တွေ့ကြုံလာရတဲ့ ဘဝတွေကို အခြေခံပြီးမှ ဆင့်ပွား ပေါက်ဖွားလာတာမို့ တစ်စုံတစ်ခု ရင်ထဲရောက်ရှိခဲ့မယ်ဆိုရင် ကျေနပ်ပီတိ ဖြစ်စရာပါ။ ပရိသတ်ကပေးတဲ့ အားနဲ့ စာပေ အနုပညာ ခြေလှမ်းတွေကို ဆက်လှမ်းနိုင်ဖို့ ထပ်ပြီး ကြိုးစားရပါဦးမယ်။

ဒီစာအုပ်အတွက် အမှတ်တရ အမှာစာရေးပေးတဲ့ ဆရာညီပုလေး၊ စာအုပ်အဖုံးနဲ့ အတွင်းဒီဇိုင်းများကို အကောင်းဆုံး ရေးဆွဲပေးခဲ့တဲ့ ကဗျာဆရာ မောင်နီဦး၊ စာဖတ်ပရိသတ် လက်ထဲကို အမြန်ဆုံးရောက်အောင် ဆောင်ရွက်ပေးခဲ့တဲ့ "စိတ်ကူးချိုချို စာအုပ်တိုက်" မှ ကိုစန်းဦးတို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါရစေ။

စာဖတ်ပရိသတ်အားလုံးရဲ့ ဝေဖန် အကြံပေးမှုကို အမြဲမျှော်လင့်ရင်း ချစ်မြတ်နိုးမှုအတွက် အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ချောအိမာန် (မန္တလေး)**

**၁-၆-၀၈**

***




# မန္တလေးကိုပျံသွားသလား

ချောအိမာန် (မန္တလေး)

# မန္တလေးကို ပျံသွားသလား

## (၁)

အပေါ်ထပ်ကနေ ဟိုး… အောက်ဆုံးထပ် လမ်းမကို လှမ်းကြည့်မိတယ်။ ထုံးစံအတိုင်း လူတွေ အရှေ့က အနောက်သွား၊ အနောက်က အရှေ့သွားပေ့ါ။ ပိပိဆိုတဲ့ ကွမ်းယာဆိုင်လေးမှာ ရှိတဲ့ ကောင်မလေးကတော့ ခပ်သွက်သွက် လက်ချောင်းလေးတွေနဲ့ ကွမ်းယာတွေကို အဆင်သင့် ဖြစ်အောင် ထုပ်နေတယ်။ Taxi ကားမောင်းသူတွေက အဲဒီ နားရပ်ပြီး ကွမ်းယာလှမ်းဝယ်ကြတယ်။ ကောင်မလေးကြည့်ရတာ လည်း သပ်သပ်ရပ်ရပ်လေး၊ ပါးကွက်လေး အမြဲကွက်ထားတယ်။ ဖော်ဖော်ရွေရွေ ဆက်ဆံတော့ ကားသမား အတော်များများ ဝယ်စားကြတာ များတယ်။ တစ်ခုတော့ ကျုပ် မကြိုက်ဘူး။ ကားဆရာက သူ့ပါးစပ်ထဲက အရင်ဝါးပြီးသား ကွမ်းရည်တွေကို လမ်းမပေါ် ပျစ်ခနဲ ထွေးပစ်လိုက်တာ အလွန်ညစ်ပတ်တယ်ဗျာ။ ဒီကတ္တရာလမ်းကြီးမှာ ဘောင်တွေမှာရော ရဲရဲနီလို့၊ တစ်၊ နှစ်၊ သုံး၊ လေး… စိတ်ကူးပြောင်းပြီး ဓာတ်တိုင်ပေါ် နားနေတဲ့ ခိုကလေးတွေကို ရေကြည့်တာပါ။ ခို ဆယ့်ငါး၊ စာကလေးက နှစ်ဆယ်လောက်တော့ ရှိတယ်။

ဟော… ကျုပ်တို့ ခုနှစ်လွှာရဲ့ အောက်ဆုံးထပ်က အမျိုးသမီး သူ့သားကို ကျောင်းကြိုလာ ပြီ။ အဲဒီ ကလေး ပြန်လာပြီး နောက်တစ်နာရီကြာပြီဆိုရင် ကျုပ်သမီး ဆေးခန်းက ပြန်လာပြီ…

“အဘိုး… အဘိုး”

အိမ်ထဲက ခေါ်သံကြောင့် ဂရန်တာဘက် ရောက်နေတဲ့ ကျုပ်ခေါင်း အိမ်ထဲ လည်သွားတယ်။

“ဘာလဲ”

"ကျွန်မ အခွေဖွင့်ချင်လို့"

"ဖွင့်ပေါ့.. ညည်းက အထူးအဆန်းလုပ်လို့ ခါတိုင်းလည်း ဖွင့်နေတာပဲ ဥစ္စာ"

ခါတိုင်းလည်း သူ့သဘောနဲ့သူ ဖွင့်နေတာကို ခုမှ မိုးကြိုးကြားသား ခွင့်တောင်းလို့။ အိမ်က ခိုင်းဖို့ခေါ်ထားတဲ့ ကောင်မလေး အားနေ တီဗွီ၊ တီဗွီကနေ ဇာတ်ကားတွေ သီချင်းခွေ စုံနေတာပဲ...

"ခုဟာ အဘိုးမကြိုက်တဲ့ သီချင်းခွေ ဖွင့်မလို့"

"ဦးထုပ်နဲ့ လူတွေလား"

"ဟုတ်"

"ညည်းပျင်းရင်လည်း ဖွင့်ပေါ့"

ကလေးမက ကျုပ်ဆီကသာ ခွင့်တောင်းနေတာ အခွေက စက်ထဲထည့်နေပြီ။ ဘာတွေဆိုမှန်း မသိ၊ ပျာယာခတ်နေတဲ့ ကောင်လေးတွေကို ကျုပ်က မကြိုက်ဘူး ပြောထားလို့။ သူ့ခေတ်နဲ့ သူဆိုပေမယ့် ကိုအံ့ကြီး၊ မေရှင်တို့ကို လွမ်းသား။ ဝင်းဦးလည်း ကျုပ်က ခံစားလို့ ရတယ်။ ဒီဘက်ပိုင်းမှာဆိုရင် လွှမ်းမိုးကြိုက်သလို မြန်မာပြည်သိန်းတန်၊ စိုင်းထီးဆိုင်တို့လည်း မဆိုးဘူးပဲ။ ခက်တာက ခုပေါ်တာတွေနဲ့ ကျုပ် မိုင်ကုဋေလောက် ကွာခြားသွားပြီ။ သူတို့အပြစ် မဟုတ်ပါဘူး။ နောင်လည်း ဆက်ရှိနေဦးမှာပဲ။

ကျုပ်နေတဲ့ အခုအထပ်က အပေါ်ဆုံး ခုနှစ်လွှာမှာ အခန်းကျဉ်းလေးနှစ်ခုပဲ ပါပြီး ဖွဲ့စည်း ထားတဲ့ ခပ်ကျဉ်းကျဉ်း တိုက်ခန်းလေး၊ ဒီလိုမျိုး အခန်းလေးနဲ့ အသက်ကြီးလာချိန်မှာ နေရဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။

ကျုပ် ဒီတိုက်ခန်း ရောက်နေတာ နှစ်နှစ်ရှိသွားပြီပေါ့။ တစ်ခါမှလည်း

အောက်မဆင်းဘူး၊ ဘယ်လိုလုပ် အဆင်းအတက် လုပ်နိုင်မှာလဲ၊ အသက်က ခုနှစ်ဆယ်ကျော်ပြီ။ ကျုပ် အခု ကိုင် ဆောင်နေတဲ့ လက်ကိုင်တုတ်လေးက ရန်ကုန်ရောက်မှ ပိုအသုံးများလာပြီး လက်ကိုင်နေရာမှာ အဖုလေးတွေ မရှိတော့ဘဲ ချောပြောင်နေတယ်။ သူ့ကို ပိုအားကိုးလာရတဲ့သဘော။ တိုက်ခန်းက ကျဉ်းကျဉ်း၊ လမ်းလည်း မလျှောက်ရတော့ ခြေထောက်တွေက ကြာလေ လေးလေ ဖြစ်လာရော။

အရင်တုန်းကဆို ကျုံးဘေးမှာ မနက်တိုင်း ညနေတိုင်း လမ်းလျှောက်ရတဲ့ အရသာကို လမ်းမလျှောက်ဖြစ်မှ ပိုပြီး တမ်းတမိတယ်။ မန္တလေးကို တစ်ခေါက်လောက် ရောက်ဦးမယ်ဆိုရင် ကျုံးဘေးကို အဝ လမ်းလျှောက်ဦးမယ်လို့ စိတ်ထဲ တေးထားမိတယ်။

ကောင်မလေးကတော့ အထဲမှာ ကွိစိ၊ ကွစိနဲ့ သူလည်း လူငယ်ဆိုတော့ ပျင်းပေမပေ့ါ။ ဒါတွေ ရှိနေလို့သာ၊ မရှိရင် ပျင်းလို့ ထွက်ပြေးသွားနိုင်တယ်။ အရင်တုန်းက ကောင်မလေးတစ် ယောက်ကို သမီးက ဘာမှ ကိုင်ခွင့် ဖွင့်ခွင့်မပေးဘူး။ သိပ်မကြာဘူး ပြေးပါလေရော။ ဒီကောင်မ လေးကျ သမီးက သင်ပေးထားပြီး သူ့အကြိုက်နဲ့ ဆွဲဆောင်ထားတာ၊ ကျုပ်ကတော့ မနက်တိုင်း တရားခွေလေး ဖွင့်နာတယ်။ စာဖတ်တာ ဝါသနာ ပါတော့ ဖတ်ကောင်းတဲ့ စာအုပ်တစ်အုပ်လောက် ဝယ်ခဲ့ပါဆိုရင် အလုပ်များတဲ့ သမီးက ဘယ်တော့မှ ပါမလာဘူး။ ခုချိန်ထိ ကျုပ်က ဘာရယ်လို့ မဟုတ်ပါဘူး။ နေ့လယ်ဆိုလည်း ပုတီးစိပ်၊ ဘုရားရှိခိုးပြီး ကျန်တဲ့အချိန်တွေကို စာအုပ်လေး ဖတ်နေရရင် တော်သေးတယ်။ အချိန်ကုန်မှန်း မသိသာဘူးပေ့ါ။

တစ်နေကုန် တစ်ရက်ပြီးတစ်ရက် တိုက်ခန်းအပေါ်ထပ်မှာ နေရတဲ့ဘဝကို ငြီးငွေ့လာ တယ်။ အမှန်အတိုင်း ပြောရရင် အောင်တော်မူရပ်မှာရှိတဲ့ ကျုပ်အိမ် ကျုပ်ခြံကို လွမ်းမိတယ်။ ကြိုက်တဲ့နေရာမှာ ခုံလေးချ၊ ရေနွေးကြမ်းလေးနဲ့ စာအုပ်ဖတ်ရတဲ့ အရသာက ကျုပ်ကို အသက် ရှည်စေတယ်။ လမ်းလျှောက်ရတဲ့အကျိုးက စိတ်ကို တစ်နေကုန် လန်းဆန်းပြီး

နေလို့ကောင်းတယ်။ ခုတော့ မှတ်မှတ်ရရပဲ ဒီနှစ်ပိုင်း ခါးတွေ ပိုချိန့်လာတယ်။

ကျုပ်မိန်းမ ခေါင်းချသွားတဲ့ နေရာလေးကို မခွဲချင်ပေမယ့် ခွဲခဲ့ရတယ်။ သားသမီးနဲ့ မိဘ ကြားမှာ ပြိုင်ဆိုင်ပြီး ပြောနေရမှာကို ကျုပ် ရှက်တယ်။ အဖေ့ဆန္ဒကို သိလျက်နဲ့ ပြောထွက်လာတဲ့ သူတို့စကားကို မပယ်ချချင်တာနဲ့ လိုက်လျောခဲ့ရတာ ။ ကျုပ်စိတ်ထက် သူတို့ရဲ့ အခြေခံလိုအပ် ချက်တွေကို တင်ပြလာတဲ့အခါ သီသီ ဆုံးပြီး တစ်နှစ်အကြာမှာ အိမ်ကြီးရောင်းဖို့ ဖြစ်လာတယ်။

သမီးအကြီးက ထရမ်စဖာနဲ့ ရန်ကုန်ဆေးရုံကြီးကို ပြောင်းရတယ်။ ရန်ကုန်မှာ ကိုယ်ပိုင် ဆေးခန်း ဖွင့်ချင်တယ်။ ဒီအတွက် ငွေလိုတယ်။ သားအငယ်က ကွန်ပျူတာဒီဇိုင်းတွေ ဝါသနာပါတယ်။ ရန်ကုန်မှာပဲ ကိုယ့်ဟာကိုယ် တည်ထောင်ပြီး ဖွင့်ချင်တယ်။ ရန်ကုန်မှာ ပိုအလုပ် ဖြစ်တယ်ဆိုတော့ ငွေလိုတယ်။ သူတို့နှစ်ယောက်နဲ့ ကျုပ်ကြားမှာ နောက်ဆုံး အဖုအထစ်လေးတွေ ဖြစ်လာပြီး ကျုပ် လိုက်လျောခဲ့ရတယ်။

နှမြောမဆုံးစွာနဲ့ သူများလက်ထဲ ထည့်လိုက်ရတဲ့ ကျုပ်အိမ်ဝင်းဟာ ကာလပေါက်ဈေး တော်တော်ရခဲ့တယ်။ ဒါပေမယ့် ကျုပ် အဲဒီ ငွေကို ထိတောင် မထိချင်ခဲ့ဘူး။ ကျုပ် ကြေကွဲသလိုကြီး ခံစားရတယ်။

ပိုပြီး စိတ်မကောင်းဖြစ်တာက ရန်ကုန်မှာလည်း ကိုယ့်ခြံကိုယ်ဝန်းနဲ့ပဲ နေရမယ်ပဲ မှတ်တာ။ သမီးက ခုတိုက်ခန်းကို ဝယ်လိုက်ပြီး သူက ဘယ်နေရာမှာလဲ မသိဘူး။ ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်တယ်။ သားက ကွန်ပျူတာတွေ ဝယ်တယ်။ ပထမ ဂိမ်းဆိုင် ဖွင့်လိုက်တယ်။ ရှုံးတယ်။ ခု တိုက်ခန်းအပြတ်ဝယ်ပြီး ဒီဇိုင်းဆွဲနေလေရဲ့။ အဲဒီ တိုက်ခန်းမှာပဲ နေတယ်။ ငွေကြေးကိုလည်း သူတို့နှစ်ယောက် တိုင်ပင်ပြီး သုံးစွဲကြတယ်။

ကျုပ်ကိုတော့ နှစ်ယောက်စလုံး အစားအသောက်၊ ကျန်းမာရေး ဂရုစိုက်ပါတယ်။ သမီးဆေးခန်းက အစတော့ လူမဝင်ဘူးလို့ ပြောတယ်။ ခုတော့

လာပါပြီတဲ့။ သားက ဒီဇိုင်းလုပ်ငန်း ကို ဇောက်ချလုပ်နေပြီဆိုတော့ မဆိုးပါဘူး။ ကျုပ်မှာတော့ တစ်ရက်ပြီးတစ်ရက် အသက်ရှူကျပ်လို့ သမီးက မျက်နှာချင်းဆိုင် အခန်းနဲ့ စကားပြောတာတောင် မကြိုက်ဘူး။ စပ်စုတယ်တဲ့။ မေးရင်လည်း ဘာမှမပြောနဲ့လို့ မှာထားတယ်။ တိုက်ခန်းက တံခါးကို အမြဲပိတ်ခိုင်းထားတယ်။

မနက်ဆို သမီးက ဈေးဝယ်ပေးတယ်။ ကောင်မလေးနဲ့ ချက်ပြုတ်စရာတွေ ချက်ကြတယ်။ ပြီးတော့ အလုပ်သွားတယ်။ ကျုပ်ကတော့ နေ့တိုင်း ဒီလိုချည်းပဲ တိုက်ခန်းကြီးပေါ်မှာ နေရတယ်။ လူက ခုနှစ်ဆယ်ကျော်ဆိုတော့ တကယ်ကျန်းမာရေးကောင်းရင် ဖျတ်တုန်း၊ လတ်တုန်း၊ သန်တုန်း။ မန္တလေးမှာဆို ဟိုဘက်နှစ်လမ်းကျော်က ဘိုခဲတို့၊ မောင်ပိုတို့နဲ့ လမ်းလျှောက်ရင်း စကားပြောရတာ ကိုက ခံတွင်းတွေ့လှတယ်။ ကျုပ်မှာ ပျင်းရတယ်လို့ မရှိဘူး။ အားရင် သူတို့အိမ် ကိုယ့်အိမ် လျှောက်သွား၊ ငယ်တုန်းက ဘောလုံးကန်တဲ့အကြောင်း၊ တက္ကသိုလ်ကျောင်းသား ဘဝအကြောင်း၊ တရားဓမ္မအကြောင်း စုံလို့ပါပဲ။ ဥပုသ်နေ့တိုင်း တရားပွဲသွား၊ တစ်ခါတလေ အောင်တော်မူဘုရားမှာ ငါးအစာ သွားကျွေးနဲ့။ ခုတော့ ဂရန်တာကျဉ်းကျဉ်းလေးမှာပဲ ထိုင်ရင်း နေ့စဉ် သတိရနေတော့တယ်။

မနက်ဆို ကျုပ်က မန္တလေးပဲပြုတ် ဝါဝါအိအိလေးတွေကို ထမင်းပူလေး ဆီဆမ်း၊ ဆားဖြူး ဒါမှမဟုတ်ရင် မန္တလေးဗယာကြော်၊ ငချိပ်ပေါင်း သိပ်ကြိုက်တာ သိသိက အမြဲလုပ်ပေးတယ်။ ခုတော့ မနက်ဆို လက်ဖက်ရည်၊ သမီးက ကော်ဖီ မတိုက်ဘူး။ မတည့်လို့တဲ့။ ပေါင်မုန့် မီးကင်၊ ဘီစကစ်၊ တစ်ခါတလေ ကြက်ဥနဲ့ ထမင်းကြော်။ ပဲပြုတ်သည် ဒီဘက်လာတာကို တစ်ခါမှ မတွေ့ဘူး။ မန္တလေးမှာဆို ညနေဘက် ဗိုက်ဆာရင် မုန့်ဟင်းခါး၊ မုန့်တီ၊ အကြော် ထွက်စားပစ်လိုက် တာပဲ။ နေ့လယ် ဆာပြီဆိုရင် စားဖို့ သမီးက မုန့်တွေတော့ ဝယ်ပေးထားပါရဲ့ စားချင်စိတ်က မရှိဘူး။

နောက်တစ်ခုက မိုးရာသီဆို စိုထိုင်းထိုင်းဖြစ်နေတဲ့ အကျႌအနံ့တွေကို

ကျုပ် မခံနိုင်ဘူး။ အောက်သိုးသိုးနဲ့ နေပူနဲ့ မခြောက်ရဘဲ လေနဲ့ခြောက်ရတဲ့ အနံ့ဆိုးကြီးကို စိတ်ပျက်မိတယ်။

သစ်ပင်စိုက် ဝါသနာပါတဲ့ သမီးက ဒီခပ်ကျဉ်းကျဉ်း ဂရန်တာလေးမှာပဲ သစ်ပင်တွေကို ပန်းအိုးတွေနဲ့ စိုက်ထားတော့ ပိုပြီး မှောင်နေသလိုပဲ။ တကယ်တော့ ဒီတိုက်ခန်းလေးမှာ နှစ်နဲ့ချီ ကြာနေပေမယ့် အခုထက်ထိ နေသားမကျနိုင်သေးဘူး။

ဟော… အောက်မှာ ပါပလစ်ကာကား အဝါရောင်လေး ရောက်လာပြီ။ ဒါဆို သမီး ပြန်လာပြီ။ ရန်ကုန်ရောက်ပြီး သူ့ရဲ့ သွားရေးလာရေး ခက်ခဲမှုအတွက် အဲဒီ ကားလေး ဝယ်လိုက် တာ အောက်ဆုံး မြေညီထပ်ကဘေးမှာ ဂိုဒေါင်ရှိတယ်။ အဲဒီ ကားဂိုးဒေါင်မှာ ပိုက်ဆံပေးအပ်တာ။

ဆံပင်တိုတိုကို စုချည်ထားတဲ့ သမီးရဲ့ ဖိနပ်သံကို ကြားရတော့ ကောင်မလေး တံခါး ဖွင့်ပေးတယ်။ ကောင်မလေးလည်း ရှိသမျှအခွေတွေ ကြည့်ပြီးသွားပုံ ရတယ်။ ကျုပ်က တုတ် ကောက်လေးနဲ့ အိမ်ထဲဝင်လိုက်တယ် ဆိုရင်ပဲ အံ့ဩစရာ သမီးလက်ထဲမှာ စာအုပ်တွေ အများကြီး တွေ့ရတယ်။ ကျုပ်မှာလိုက်တဲ့ စာအုပ်တွေလားလို့ပေါ့။ သမီးက စာအုပ်တွေချ၊ လူကလည်း ခုံပေါ်ပစ်ထိုင်ရင်း ကောင်မလေးကို ရေတစ်ခွက် လှမ်းတောင်းလိုက်တယ်။

“ဟူး… မောလိုက်တာ ဒီခုနှစ်ထပ်တက်ရတာ အသက်ထွက်မတတ်ပဲ၊ ဒီနေ့ သမီး စာအုပ်တွေ ပါလာလို့ အံ့ဩမနေဘူးလား”

“ဟုတ်တယ်၊ အဖေ ဖတ်ချင်နေတဲ့ စာအုပ်တွေချည်းပဲ။ သမီး ဘယ်က ဝယ်လာတာလဲ”

“ဘယ်က ဟုတ်ရမှာလဲ၊ ပန်းဆိုးတန်းဘက် ခြေဦးတောင် မလှည့်နိုင်ဘူး၊ အဖေ့ဘော်ဒါ ဦးဘိုခဲနဲ့ တွေ့ခဲ့တာ သူ ပေးလိုက်တာ”

“ဟေ ဟုတ်လား…သ ူ ဘယ်တုန်းက ရောက်တာလဲ”

"မနေ့ကတဲ့...၊ အဖေ့ကို သတိရလို့ ဖုန်းဆက်မယ်တဲ့။ သူ့မိတ်ဆွေတစ်ယောက် နာရေး လာတယ် ပြောတာပဲ။ သူ အဖေ့အတွက် ယူလာပေးတဲ့ စာအုပ်တွေက သမီးကို ဝယ်ခိုင်းနေတဲ့ စာအုပ်တွေဖြစ်နေလို့ အံ့ဩသွားတာပဲ။ အတော်ပဲ ဖြစ်သွားတယ်။ ဒီနေ့ည သူ ဖုန်းဆက်လိမ့်မယ်။ မနက်ဖြန် သူ လာလိမ့်မယ်။ လိပ်စာလည်း ပေးထားခဲ့တယ်။ ဖုန်းက သူ့အိမ်မှာ ရတာ မကြာသေး ဘူးတဲ့။ အဲဒါ အဖေ့ဘော်ဒါနဲ့ စကားတွေ ပြောပေတော့။ အိမ်မှာ ထမင်းကျွေးလိုက်"

"အေး အေး ကောင်းတယ်။ ဟိုကောင် မောင်ပိုလည်း ပါရင် သိပ်ကောင်းမှာပဲ"

"အဖေကလည်း"

"မနက်ဖြန်ကျ ဟင်းကောင်းကောင်းချက်ကွာ၊ ငါလည်း စကားတွေ ပြောချင်နေတာ"

"ဟုတ်တယ်၊ အဘိုးက မန္တလေးကို အမြဲသတိရနေတာ တစ်ချိန်လုံး ငေးနေတာ ခုမှပဲ ပြုံးရွှင်တာ တွေ့ရတော့တယ်"

"သမီးလည်း အဖေ့ကို ကိုယ်ချင်းစာမိပါတယ်။ ရန်ကုန်မှာကျ အိမ်ကြီးခြံကြီးတွေက ဈေးကကြီး၊ အလုပ်တွေ ဒီထက်အဆင်ပြေလာရင် ဒီတိုက်ခန်း ရောင်းမယ်၊ အဖေ မန္တလေးမှာ ပြန်နေချင်တယ် ဆိုရင်လည်း သမီးပါ လိုက်ပြောင်းရမှာ။ အဖေ တစ်ယောက်တည်းလည်း မဖြစ်ဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး သမီးရာ... အဖေက မလိုပါဘူး။ မင်းတို့က ခေတ်လူငယ်တွေ ဖြစ်တဲ့အတွက် အနာဂတ်ကို စဉ်းစားရမယ်။ အဲဒီ လို စဉ်းစားမိလို့လည်း သမီးတို့ ဆုံးဖြတ်ချက်ကို အဖေ လိုက်လျောခဲ့တာပေါ့"

"ဒီတိုက်ခန်းပေါ်မှာ အဖေ့တစ်ယောက်တည်း ထားပြီး အလုပ်သွားရတိုင်း သမီးရင်ထဲ တစ်မျိုးကြီး ခံစားရတယ်။ ဦးဘိုခဲကို တွေ့တော့

သမီးလည်း ပျော်တယ်။ ဦးဘိုခဲက ပြောတယ်.. အဖေ မန္တလေးကို လိုက်ချင်တယ်ဆိုရင် အလည်ခဏ ခေါ်ချင်တယ်တဲ့။ သမီးကတော့ အေ့ဖသဘောကို မမေးတော့ပါဘူး။ အဖေ လိုက်မှာပါလို့ ပြောခဲ့တယ်။ အဲဒါ အဖေ ဦးဘိုခဲပြန်ရင် လိုက်သွားလိုက်။ သူတို့ကျောင်း ရေစက်ချလည်း ရှိတယ်လို့ ပြောတယ်။ အဲဒါဆို ဦးမောင်ပိုလည်း တွေ့ရရော မကောင်းဘူးလား”

“သမီးကို ကျေးဇူးတင်ပါတယ်။ အဖေ ဝမ်းသာတယ်၊ ကောင်းတယ်”

“ကျေးဇူးတင်စရာ မလိုပါဘူး။ သမီး လမ်းတစ်လျှောက်လုံး စဉ်းစားလာတာ။ သမီးဘက်မှာ ငွေရေးကြေးရေး အဆင်ပြေပေမယ့် အဖေ့ရဲ့ရှင်သန်မှုကျ လှောင်ပိတ်နေသလိုပဲ။ ဒီရောက်ပြီးမှ အဖေ့ရယ်သံ မကြားရတာ စိတ်ထဲမှာ တစ်မျိုးပဲ။ သမီးတို့ တစ်ကိုယ်ကောင်းဆန်နေပြီလို့ တွေးမိရင်း ကျော်ကျော်နဲ့လည်း ညနေက ဖုန်းပြောဖြစ်တယ်။ သူလည်း ဒီကိစ္စကို သဘောတူ တယ်။ အဖေ စိတ်ချလက်ချသာ လိုက်သွားပါ”

သမီးကြီးက ပြောပြီး ရေချိုးမယ်ဆိုပြီး အနောက်ထဲ ထွက်သွားတယ်။ ဒီလိုဆိုတော့လည်း သူ့စိတ်ထဲ အဖေတစ်ယောက်ရဲ့ စိတ်ကို ဥပေက္ခာ မပြုထားပါလားလို့ တွေးရင်း ကျေနပ်မိတယ်။ အဲဒီ ညက တိတ်တိတ်လေး ကျုပ်အခန်းထဲ ဝင်လာပြီး ကန်တော့တာကို တွေ့ရတယ်။ ဘိုခဲနဲ့ ဖုန်းကိုလည်း အားရပါးရ ပြောလိုက်ရတယ်။ သူကလည်း ပျော်ပြီး မောင်ပိုဆီ ဖုန်းတစ်ဆင့်ခေါ်ပြီး ကျုပ်ပါ ပါလာမယ့်အကြောင်း ဝမ်းသာအားရ လှမ်းပြောတယ်။

***

## (၂)

“မမ အဘိုးကလေ ဘယ်လောက်တက်ကြွသလဲဆိုတော့

အကျႌတွေတောင် ထည့်ပြီးနေပြီ”

“အဖေလည်း သနားပါတယ်။ သူ့ခမျာ အိမ်တွင်းအောင်းနေရတာ မနေ့ညကလည်း ပြောလိုက်တဲ့စကားတွေ အန်ချတဲ့အတိုင်းပဲ”

အပြင်က အသံခပ်တိုးတိုး ကျိတ်ကျိတ် ပြောနေသံကို ကျုပ်ကြားနေရတယ်။ ကျုပ်ကလည်း ကျုပ်ပဲ။ အားလုံး အဆင်သင့်ပဲ။ မနက်ဖြန် ညရထားနဲ့ သွားရမှာ။ ညစောစော အိပ်ရာဝင်တယ်။

မနက်ရောက်ပြီ ထင်ပါရဲ့။ ကျုပ်တစ်ကိုယ်လုံး လှုပ်လို့မရအောင် ထုံကျင်တာလိုလို၊ ကိုက်ခဲ့တာလိုလို။ အိုး ခံရဆိုးလိုက်တာ။ နှာခေါင်းဝမှာ ဘာနံ့တွေလဲ။ အန်ချင်သလိုလို။ ဗိုလ်ထဲ ဘာမှမစားရသေးလို့လား။ ဒီနေ့ မန္တလေးကို သွားရမှာ။ မီးရထားပေါ်မှာ အဆာခံလို့ မဖြစ်ဘူး။ ခေါင်းတွေလည်း ကိုက်၊ မျက်စိတွေကလည်း တစ်ခုခုနဲ့ ဖိထားသလို လေးလံကိုက်ခဲနေတယ်။ ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ မှိတ်ထားတဲ့ မျက်ခုံးတွေကို အားကုန် ရှုံ့လိုက်တယ်။

“အဖေ အဖေ သတိရပြီလားဟင်” သမီးအသံပဲ။

“အဖေ သားကို မှတ်မိလား၊ မျက်စိဖွင့်ကြည့်ပါဦး” ဒါ သားကျော်ကျော်အသံ။

“အစ်ကိုကြီး သတိရလား၊ မျက်လုံး ဖြည်းဖြည်း ဖွင့်ကြည့်ပါလား” ဒါ ဘိုခဲအသံ။ ဒီကောင် ဘူတာသွားရမှာ ဘာလုပ်နေပါလိမ့်။ အား… ကျုပ်အတတ်နိုင်ဆုံး မျက်လုံးတွေ အားယူဖွင့်ကြည့် လိုက်တယ်။ ခပ်ဝါးဝါး တွေ့ရတဲ့ သူတို့သုံးယောက် ကျွန်တော့်ကို ဝိုင်းအုံကြည့်နေကြတယ်။

“အဖေ သမီးလေ”

“အဖေ့အိတ် ပြင်ပြီးပြီလား”

“အဖေ ညက ကုတင်ပေါ်မှာလေ ဟို… လေဖြတ်ချင်သလိုလို

ဖြစ်သွားတာနဲ့ ညတွင်းချင်း ဆေးရုံတင်လိုက်ရတယ်”

“ဟေ”

“အစ်ကိုကြီး စိတ်မပူပါနဲ့၊ ညက အစ်ကိုကြီး နည်းနည်း အအေးမိသွားတယ်”

“ဘာကွ ဘိုခဲ။ ဒါဆို ငါ ဘာမှ လုပ်လို့မရတော့ဘူးပေါ့”

“မဟုတ်ပါဘူး။ သက်သာလာမှာပါ။ ခုလည်း စကားပြောနိုင်နေတာပဲ။ တဖြည်းဖြည်း သက်သာလာမှာပါ”

“ငါ့အောက်ပိုင်းတွေ လှုပ်လို့မရသလိုပဲ”

“မဟုတ်ပါဘူး။ နည်းနည်းဖြစ်သွားတာပါ အဖေ၊ ပုံမှန် ဆေးစား၊ ဆေးကုလိုက်ရင် ပျောက် သွားမှာ။ ညက အဖေ ခါတိုင်း တံခါးပိတ်အိပ်တယ်။ မနေ့က မေ့ပြီး မပိတ်လိုက်ဘူး ထင်တယ်။ အအေးမိသွားတာပါ”

“အစ်ကိုကြီး အားမငယ်ပါနဲ့။ ဆရာဝန်တွေ အကုန်လုံး ဂရုစိုက်ကြပါတယ်”

“ငါ ငါ မန္တလေး မသွားနိုင်တော့ဘူးပေါ့”

ကျုပ်ရဲ့ ဆို့နင့်နင့် ကြေကွဲကွဲ အသံကြီးက အားလုံးကို စိတ်မကောင်း ဖြစ်စေခဲ့ပုံ ရတယ်။ ကျုပ် ဘာမှပြောချင်စိတ် မရှိအောင် စိတ်ဓာတ်တွေ ကျဆုံးသွားခဲ့တယ်။ ဘဝမှာ ချိုမြိန်သောသူ များအတွက် အချိုသီးများ သီးပြီး၊ ခါးသောသူများအတွက် အခါးသီးများ သီးနေကြသလားလို့ တောင်ရောက်မြောက်ရောက် တွေးမိတယ်။

***

# (၃)

အခန်းထဲကနေ Wheel Chair ပေါ် ရွှေ့ထိုင်ရင်း ကိုယ့်ဟာကိုယ် ဘီးလှိမ့်တွန်းရင်း ဂရန်တာလေးဆီ ရောက်လာတယ်။ အားပြုရတဲ့ တုတ်ကောက်လေးက အခန်းထောင့်မှာ ခုတော့ အနားရနေတယ်။

တစ်၊ နှစ်၊ သုံး၊ လေး ဓာတ်ကြိုးပေါ်မှာ ခိုတွေ၊ စာကလေးတွေ ပိုများလာသလိုပဲ။ ကျုပ် အမြဲတမ်း ရေတွက်နေမိတယ်။ တစ်ကောင်ပျံသွားရင် တစ်ကောင် ထပ်ရောက်လာတယ်။ သူတို့ ဘယ်သွားကြပါလိမ့်။

ဟော သမီးပြန်လာပြီ။ ကောင်မလေး တံခါးဖွင့်ပေးသံ ကြားရတယ်။ သမီး ဖိနပ်ချွတ်တယ်၊ ဝင်လာတယ်။

"အဖေ နေကောင်းလား... အိပ်နေလား"

"ဟိုမှာ... ဂရန်တာမှာ ဓာတ်ကြိုးပေါ်က အကောင်တွေကို ရေနေတယ်။ နေ့တိုင်းပဲ ဒီနေ့လည်း စကားမပြောဘူး"

ကျုပ်နောက်က သမီးခြေသံကို ကြားရတယ်။

"အဖေ နောက်တစ်ပတ်ထဲကျ မန္တလေးကို သွားရအောင်၊ သမီးပါ လိုက်မယ်"

မန္တလေး သွားမယ်တဲ့။ မန္တလေး အင်း.. ငါ ကြားဖူးသလိုပဲ။

"အဖေ့သူငယ်ချင်းတွေ ဦးမောင်ပိုတို့၊ ဦးဘိုခဲ့တို့ကလည်း အဖေ့ကို ခေါ်ဖြစ်အောင် ခေါ်ခဲ့ပါတဲ့"

သမီးကလည်း ဘာတွေပြောနေမှန်းလည်း မသိဘူး၊ အဲဒီ လူတွေကို ကျုပ်မှ မသိတာ။

"အဖေ သွားချင်တယ် မဟုတ်လား"

ကျုပ်ခေါင်းကို လေးတွဲ့စွာ ရမ်းလိုက်တယ်။ နောက်တစ်ပတ်ဆိုတာ မသေချာဘူး။ မနက်ဖြန်ဆိုတာလည်း မသေချာဘူး။

"ဘာဖြစ်လို့လဲ အဖေ"

"အဖေ ဒီနေရာလေးမှာပဲ နေပါရစေ...

ဒီနေရာလေးက ကောင်းတယ်။ မန္တလေးဆိုတာ အဖေမှ မသိတာ သမီးရဲ့၊ အဖေ မသွားချင်ဘူးနော်"

သမီးက ကျုပ်ကို ဘာမှမပြောဘဲ စိုက်ကြည့်နေတယ်။ သမီးမျက်ဝန်းထဲက မျက်ရည်တွေ တစ်ပေါက်ပေါက် လိမ့်ဆင်းလာကာ ကျုပ်လက်တွေကို ကိုင်ပြီး တရှိုက်ရှိုက်နဲ့ ငိုနေတယ်။ ဘာလို့ ဒီလောက်ငိုနေမှန်း ကျုပ်မသိဘူး။ သူက မန္တလေးသွားချင်တာ ထင်တယ်။ ကျုပ်က မသွားချင်ဘူး ဆိုတော့ သူ မသွားရမှာစိုးလို့ ထင်တယ်။

"သမီး မငိုပါနဲ့။ ဒီလောက်တောင် သွားချင်နေတယ်ဆိုလည်း သွား သွား၊ အဖေ ခွင့်ပေးတယ်။ အဖေက နေမကောင်းတော့ မလိုက်တော့ဘူး"

သမီးက အငိုတိတ်ပြီး အိပ်ခန်းထဲ ဝင်သွားတယ်။ အင်း... ကျုပ်ရဲ့ ခိုလေးတွေ ဘယ်နှကောင် ပျံသွားပြီလဲ မသိဘူး။ သမီးနဲ့ စကားပြောနေတာနဲ့ ပျောက်သွားပြီ။ သူတို့လည်း မန္တလေးကို ပျံသွားတာလား ကျုပ် မသိလိုက်ဘူး"

**ရွှေအမြုတေ မဂ္ဂဇင်း၊ မတ် ၂၀၀၈**

***




# ခေတ်အကြောင်း

ချောဒီမာန် မန္တလေး

# ခေတ်အကြောင်း

## (၁)

အပြင်မှာ နွေရာသီက ချစ်ချစ်တောက် ပူတယ်။ အခန်းထဲက အဲကွန်းကလည်း ခဏပဲ အေးတယ်။ လျှပ်ရှားမှုပါမှ အလိုက်သင့် လေရတဲ့ ယပ်တောင်ကိုလည်း မတောင့်တမိဘူး။ သူငယ်ချင်းဆီက E-mail မဖတ်ရတာ ဘယ်လောက်တောင် ကြာပြီလဲ။ Centre တစ်ခုကို သွားတော့လည်း အသုံးများနေလို့ Connection ကျနေတယ်တဲ့။ ကိုယ်မသိတဲ့ ကိုရီးယား ဝက်ဘ်ဆိုဒ်ထဲက ပုံတွေကြည့်မိလို့ မျက်စိနောက်ကုန်တယ်။ ရှာနေတဲ့ ဝက်ဘ်ဆိုဒ်က တက်မလာဘူး။ ဘေးက ကောင်မလေးကတော့ G-talk ပြောနေလိုက်တာ ဟန်ကျလို့။ တစ်ကိုယ်လုံးကို လှုပ်ခါပြီး ရယ်နေတာပဲ။ နောက်ကျောက ဘောင်းဘီတိုနဲ့ မိန်းမကြီးကတော့ ရန်ဖြစ်တာလား အောက်မေ့ရတယ်။ သူတစ်ယောက်တည်း ပြောရင်း ဆူညံလို့။ အဆင်မပြေ နေတာကတော့ ကျွန်တော်တစ်ယောက်တည်း။

အပြင်ရောက်တော့ ပူပြန်ရော။ တချို့ကတော့ မိသားစုအလိုက် ဘာမှမဝယ်ဘဲ အအေးခံ လျှောက်ပတ်နေကြတာ။ မမျှတတာကတော့ ပူတဲ့နေရာ အလွန်ပူ။ အေးတဲ့နေရာ အလွန်အေးနဲ့။ ပူပါတယ်ဆိုတာ မိုးကာသားလို ခပ်ပြောင်ပြောင်ကို စတိုင်ထုတ် ဝတ်ထားသေး။ နေကပူပူမှာ ဝတ်ထားတဲ့ အဝါရောင်ပြောင်ပြောင်က နေရောင်အောက်မှာ စူးရှလို့၊ စဉ်းစားသာ ကြည့်ကြတော့။ နယ်မှာ ဒီလိုအချိန်ဆို မန်ကျည်းပင်အရိပ်အောက် စာအုပ်လေးတစ်အုပ်နဲ့ နှပ်ရတဲ့အရသာ ဘယ်လဲနိုင်မလဲ။ ဒီအချိန်ကတော့ သယ်ဆောင်လာတဲ့ လေပူတွေက ဖုန်မှုန့်တွေနဲ့အတူ မျက်နှာကို ရေပွက်မ်းလာထိတော့တာပဲ။

ကြည့်မရဆုံးကတော့ အိမ်က ရေကန်ပဲ။ ပူလွန်းလို့ ရေချိုးမယ်ဆိုရင် ရေက ဟိုးကန်အောက် ထိနေပြီ။ ရှိသမျှလူကုန်က တက်သုတ်ရိုက် ချိုးသွားကြတာ။

ကိုယ့်ဖို့ဆိုရင် ဗလာနတ္ထိပဲ။ ဒီခေတ်ကြီးထဲ အေးအေးဆေးဆေးကို လုပ်လို့မရတော့ဘူး။ ကိုယ်က အိမ်နေတဲ့သူ အေးဆေးနေမှဆိုတာနဲ့ ခုတော့ မအေးဆေးတော့ဘူး။ ပူလောင်နေပြီ။ အိမ်ရှေ့က ပိုက်ခေါင်းလေး သွားဖွင့်ကြည့်တာ ပိုက်ခေါင်းမှာ ရေတောင်စွတ်စိုမနေဘူး။ အဲဒါကြောင့် နွေကြီးကို မုန်းတာ။ အားလုံး အတူတူပါပဲ။ နွေက အမှန်အတိုင်းဆို သူ့အလုပ်သူ လုပ်နေတာပါ။

ညနေရောက်တော့ အပူရှိန် အနည်းငယ်သက်သာလို့ အပြင်ထွက်တာ သူငယ်ချင်း တစ်ယောက် ရုပ်ရှင်ရုံထဲက ထွက်လာပြီး လက်လှမ်းပြတယ်။ ထူးဆန်းနေတယ်။ ဒီကောင် ရုပ်ရှင်မကြိုက်ဘူးဆိုတာ သိတယ်။ သူ့အဖြေက အိမ်မှာမအိပ်နိုင်လို့ ရုပ်ရှင်ရုံထဲ ပိုက်ဆံပေးပြီး မကြည့်ဘဲ သွားအိပ်နေတာတဲ့။

ဒီအချိန်မှာ ဗစ်တာခင်ညိုရဲ့ နွေရောက်ပြီလေ ဆိုတဲ့ သီချင်းကြားမိရင် ပိုတောင်စိတ်ပျက် မိတယ်။ ဘာမှအာရုံမလာတဲ့အပြင် စေးထန်းထန်း ဖြစ်နေတဲ့ ခန္ဓာကိုယ်ရဲ့ ချွေးနံ့ကို အရေခွံ ခွာပစ်ချင်နေတယ်။ ၈၄ လမ်းမှာ သူငယ်ချင်းရဲ့ ခန်းဆီးစတွေ ရောင်းတဲ့ ဆိုင်ဘေးမှာ လူစည်းကား နေတယ်။ နယ်ကလာပုံရတဲ့ အမျိုးသမီးရော၊ ဘုန်းကြီးရော၊ သားရေပိုက်ဆံအိတ် ချိုင်းကြားညှပ် ထားတဲ့ အမျိုးသားရော၊ ဟန်းဖုန်းနဲ့ ဈေးစကားပြောနေတဲ့ ခပ်ငယ်ငယ် အမျိုးသမီးရော၊ ဘာမှသိနားလည်ပုံ မရသေးတဲ့ အဘိုးကြီးနဲ့ နောက်လိုက်နှစ်ယောက်၊ ပစ္စည်းတွေ ချတဲ့သူတွေက ချ၊ တင်တဲ့သူတွေက တင်၊ ဆိုင်ပြင်မှာ တဒုန်းဒုန်း စမ်းနေတဲ့ မီးစက်တွေ၊ ရေမော်တာတွေ ရောင်းကောင်းနေတာ အားကျစရာကြီးပဲ။ ကျွန်တော့်သူငယ်ချင်း လင်မယားက ထိုင်ငေးနေတယ်။ ဟုတ်တော့ ဟုတ်ပါရဲ့။ ခုလိုအချိန်မှာ ဇာခန်းဆီးအလှတွေကို ဘယ်သူတွေက တပ်နေမှာတုန်း။ သူတို့စီးပွားရေးဈေးကွက် ရှာတတ်ပုံမရသေးဘူး။

လက်ဖက်ရည်ဆိုင်တွေ စည်နေတုန်းပဲ။ ခေတ်စနစ်အရ တီဗွီလေးထား၊ ဘောလုံးပွဲလေး ပြ ပိုစည်ကားတာပေါ့။ ကျွန်တော်ကတော့ ဝါသနာမပါဘူး။ လက်ဖက်ရည်ဆိုင်မှာ တစ်ခါတလေ စာပေအကြောင်းလေးကိုပဲ သန့်သန့်လေး

ပြောချင်တယ်။ အချိန်ကုန်ရမယ့်အတူတူ စာပေ အကြောင်းလေးကိုပဲ သန့်သန့်လေး ပြောချင်တယ်။ အချိန်ကုန်ရမယ့်အတူတူ အားလုံးအတွက် အကျိုးအမြတ်ရှိတာလေး ပြောကြရင် ပိုကောင်းတာပေ့ါ။ ကျွန်တော်ကတော့ ကမ္ဘာကြီးကို ငြိမ်းချမ်းစေချင်တာပါပဲ။ စိန်ခေါ်မှုတွေ၊ ပုတ်ခတ်မှုတွေ၊ လေပြင်းတွေကြားက ရုန်းထွက်နိုင်ရင် အကောင်းဆုံးပဲ။ ဘယ်သူ ဘာပြောပြော ကိုယ့်အသင်း အနိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်က တကယ့် အားကစားစိတ်ဓာတ်မှ မဟုတ်တာ။ အားလုံးဟာ သူ့အလုပ်သူ လုပ်နေသလို၊ ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာပါပဲ။ အမြင်ကြည်လင်မှ ငြိမ်းချမ်းမယ် မဟုတ်ဘူးလား။ ခုလို လက်ဖက်ရည်ဆိုင်မှာ ဘောပွဲကိစ္စနဲ့ ငြင်းကြခုံကြတာ ထသတ်တော့မယ့်အတိုင်းပဲ။

ထလာလိုက်တော့ အေးရော ဘာမှမကြားရတော့ဘူး။ အိမ်ရောက်တော့ မိန်းမက မေတ္တာ သုတ်ရွတ်ပြီး ပါးစပ်က လော်စပီကာ လုပ်ချင်နေပြီ။ သူမလုပ်ခင် ကိုယ်က အရင်လုပ်လိုက်တယ်။ ဗီရိုထဲက အရက်ပုံ့ပုလင်း ယူခဲ့ဆိုပြီး သမီးကို အော်ပြောလိုက်တော့မှ ပျာယီးပျာယာနဲ့ ဘာဖြစ်လာတာလဲတဲ့။ ဒူးတွဲကို အရက်ပုံ့ထည့်ရင်း မှုတ်နေလိုက်တယ်။ သမီးက ဖေဖေ ဘယ်ချောင်တိုးလာလို့လဲတဲ့။ မေးပုံက။ ချောင်တိုးတာ မဟုတ်ဘူးဟေ့။ လမ်းပေါ်က သွားတာပါပဲ။ ညည်းဆိုင်ကယ်က လမ်းပေါ်က ချိုင့်ကြီးထဲ ရေကုန်းသောက်လို့ ခေါက်ထိုးမိုးမျှော်ဖြစ်ပြီး ဒူးကွဲလာတာ။ နောက်က ကားတက်မကြိတ်တာ ကံကောင်းဆိုတော့မှ မိန်းမက ကျွတ်ကျွတ်တဲ့… သနားပုံက…။

***

## (၂)

နောက်တစ်နေ့တော့ ခြေထောက်ဒဏ်ရာနဲ့ ဘယ်မှ မသွားဖြစ်ဘူး။ သမီးငှားထားတဲ့ မဂ္ဂဇင်းအထူကြီးတစ်အုပ်ကို ပျင်းပျင်းနဲ့ လှန်မိတယ်။

ရုပ်ပုံတွေကြားက မာတိကာကို စိတ်မောစွာ ရှာမိတယ်။ ကိုယ်ဖတ်ချင်တဲ့ ခေါင်းစဉ်လေး ရှာတွေ့ပေမယ့် စာမျက်နှာနံပါတ်တွေက ဘယ်ချောင်မှာ အိပ်နေလဲ မသိဘူး။ တော်တော်နဲ့ ရှာမတွေ့ဘူး။ ဒေါသက အလိုလိုနေရင်း ထွက်လာရော။ ဒီကြားထဲ လက်မောင်းမှာ ဆေးမင်ကြောင်တွေ အပြည့်ထိုးပြီး Face wash ကြော်ငြာထားတဲ့ပုံကို ကြည့်ပြီး တော်တော်စိတ်ပျက်သွားတယ်။ သူကတော့ နိုင်ငံခြားကလို ညှို့ဓာတ်ပြင်းတဲ့စတိုင် ရိုက်ထားတာပါ။ နောက်တစ်ခုကတော့ နွေရာသီစတိုင်ဆိုပြီး ခေတ်ကို သားသားနားနား တင်ဆက်ထားတာပါ။ သားမွေးထားတဲ့ သားသားတွေ့ရင် အဲဒီ စာမျက်နှာမှာ နားနားနေမှာ သေချာလို့ပါပဲ။

ခေတ်မီတာလား ဘာလား မသိဘူး။ နှာခေါင်းစိန်တပ်၊ သွားစိန်တပ်၊ ချက်စိန်တပ် ခေတ်တွေပဲ တကယ်ပြောင်းကုန်တာလား။ အသားကပ်နဲ့ ရိုက်ထားတဲ့မမရဲ့ ပေါင်ဖြူဖြူဖွေးဖွေး တွေက အတိုင်းသား။ အပြင်မှာဆိုရင်တော့ ကျွန်တော့်ရင်ဘတ်တွေ တဆတ်ဆတ် တုန်နေမလား မပြောတတ်ပါဘူး။ ဒီဇိုင်တွေကတော့ အမျိုးမျိုး၊ စာရွက်အမိုက်စားတွေနဲ့ အဲဒါကို ကျော်ဖြတ်ပြီးတော့မှပဲ ကျွန်တော်ဖတ်ချင်တဲ့ ဆောင်းပါးလေးကို နှစ်မျက်နှာစာ နောက်နားမှာ တွေ့ရတယ်။ အဲဒီ အချိန်မှာ ကျွန်တော့်လက်တွေ ညောင်းလာပြီ။ စာအုပ်ကြီးက လေးလွန်းလို့ Relax မဖြစ်တဲ့အပြင် နောက်ကျောတွေပါ တက်လာတယ်။

"ဖုန်းခေါ်နေတာ ကြာလှပြီ၊ ဘယ်လိုကြီးလဲ ပြတ်တောင်း၊ ပြတ်တောင်းနဲ့ မနက်ဖြန် လာခဲ့မယ်။ ဘာ မကြားဘူးလား၊ ဒါတောင် အပြင်ထွက်ပြောနေတာ၊ ဒီထက်တော့ မကျယ်နိုင် တော့ဘူးဟေ့။ ရပ်ကွက် ခဲနဲ့ပေါက်လိမ့်မယ်"

မျက်နှာချင်းဆိုင် ဂရန်တာက စီးဝင်လာတဲ့အသံကြောင့် မော့ကြည့်မိပါတယ်။ ဒီလိုပါပဲ။ ဟန်လုပ်ပြီး ကျယ်ကျယ်ပြောနေတာ မဟုတ်ဘူး။ တကယ့်ကို အကျယ်ကြီး ပြောနေရတာ ။ ခေတ်သစ်မှာ လူနေမှုတွေ မြင့်မားလာတာ.. ကျွန်တော့်ဖုန်းကိုတော့ မိန်းမ ပေးထားတယ်။ ရှုပ်လွန်းလို့။ သူက

ဖုန်းနဲ့ လေပစ်ချင်နေတာ အတော်ပဲ။ ဖုန်းခကျ သူပေးပေ့ါ ရှင်းရော။ နောက်ဖေးအိမ်က သူ့သားတွေ ဖုန်းကြေးတစ်သိန်းကျော် ရှင်းလိုက်ရလို့တဲ့။ ဟန်းဆက် အသစ်တစ်ခါ ပေါ်တိုင်း လဲလို့တဲ့။ ဒါလည်း ခေတ်မီနည်းတစ်မျိုးပဲ။ အမေလုပ်သူကိုယ်တိုင်က ပါးစပ်ကသာ ပြောတာ ဘာမှမတားတာ ပေးပေ့ါလို့ပဲ စိတ်ထဲ ပြောလိုက်တယ်။

တောင်ဘက်အိမ်ကတော့ သူ့သား U.S က ပြန်လာတာ ကြွားပဲ မပြီးနိုင်ဘူး။ ပေးသမျှလည်း ထုတ်ပြ၊ သားကိုလေ ခု မြန်မာပြည်ရောက်တုန်း ကောင်မလေးတွေကို ဝိုင်းဝိုင်း လည်နေတာပဲ။ ဒါနဲ့ ပြောထားရတယ်။ သိတယ်မဟုတ်လား။ ခုခေတ်ကောင်မလေးတွေက ခပ်ကဲကဲရယ် အိမ်ကနေကို မပြန်ချင်ဘူး။ ကျွန်တော့်ကတော့ ခေါင်းပဲ ညိတ်လိုက်တယ်။

အဲဒီ နေ့က ကျွန်တော့်သမီး ကျောင်းစာအုပ်တွေ မဂ္ဂဇင်းတွေကြားက အခွေ CD တစ်ချပ် ထွက်လာတယ်။ သမီး ဘာခွေငှားထားလဲ ကြည့်လိုက်တော့ မျက်လုံးတင်မကဘူး ရင်ဘတ်ထဲက ကလီစာတွေပါ ပြူးထွက်ကုန်တယ်။ ဒေါသနဲ့ တုန်လှုပ်မှုပေါင်းပြီး သမီးကိုခေါ်မေးတော့ “ဖေဖေကလည်း လန့်လိုက်တာ၊ ဘာများလဲလို့၊ အဲဒါ နောက်ဖေးအဆောင်က မမဒေစီတို့အဖွဲ့တွေ ကြည့်ပြီး မအားလို့ သမီးကို ပြန်အပ်ခိုင်းထားတာ”

သမီးက ဘာမှသိပုံမပေါ်တဲ့ အရိုးသားဆုံး မျက်လုံးလေးနဲ့ ဖြေတယ်။ ကြည့်စမ်း၊ ဒါ ကျွန်တော့်သမီးကို အသုံးချတာ။ ခုမှ သမီးက အသက်တစ်ဆယ့်နှစ်နှစ် ရှိသေးတာ။ ဖေဖေအပ်လိုက်မယ်၊ သမီး စာကျက်ဆိုတော့... သမီးကလည်း ဘာမှမပြောဘူး။ ကျွန်တော် မျက်နှာပူစွာနဲ့ပဲ အခွေကို လမ်းထိပ်မှာ သွားအပ်လိုက်တယ်။ ဆိုင်က ကောင်လေးက ပြုံးစိစိနဲ့၊ ရှိစေတော့။ ဒီနေရာမှာ သမီးဆိုရင် ဘယ်လိုလုပ်မလဲ။ ခေတ်အကြောင်းကို သိရမှာ တဖြည်းဖြည်း ကြောက်လာတယ်။

လမ်းထဲကို ချိုးဝင်လာတဲ့ ကားမီးရောင်ကြောင့်

ဘေးကပ်ရပ်လိုက်တယ်။ တော်နေ တစ်နာက နှစ်နာဖြစ်မှာစိုးလို့ ခဏနေတော့ ကားပေါ်က ကောင်မလေး စတီးချိုင့်လေးနဲ့ ဆင်းလာတယ်။ စကားပြောကြတယ်၊ အလုပ်ပြန်တာကို လိုက်ပို့ပုံရတယ်။ ညက ရှစ်နာရီခွဲနေပြီ။ ဒါလည်း ခေတ်မီနည်းတစ်မျိုးပဲ။ ကောင်မလေးက ရှေ့နားက လမ်းလေးထဲ ချိုးကွေ့ဝင်သွားတယ်။ ကျွန်တော် အဲဒီ ကားနားက အဖြတ် ကျွန်တော့်နာမည်ကို ခေါ်လိုက်တာကြောင့် ကားထဲ စောင်းကြည့်မိတယ်။

“ဗုဒ္ဓေါ... ကျောင်းတုန်းက သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပါလား။ သူက တအံ့တသြနဲ့။ ကျွန်တော့်ကို ဒီလမ်းထဲနေမှန်း မသိဘူးတဲ့။ ကျွန်တော့်စာတွေကိုတော့ တွေ့တယ်။ ဖတ်တယ်တဲ့ ဟုတ်လား မဟုတ်လား မသိဘူး။ သူ့ကြည့်ရတာ ဂလာသလိုပဲ။ ဒါနဲ့ ခင်ဗျားအမျိုး သမီးရောဆိုတော့ ဆုံးတာ တစ်နှစ်ရှိပြီတဲ့။ အံ့သြစရာပဲ သူ့အမျိုးသမီးက ဘာမှန်းမသိတဲ့ ရောဂါနဲ့ ဗိုလ်နှစ်ခါခွဲခံရပြီး ဆုံးသွားတာတဲ့။ သူပြောတာနဲ့ ကိုယ့်ဗိုလ်တောင် နာချင်သလိုလို ဖြစ်ပြီး ပွတ်မိတယ်။ ကျွန်တော့်ကို ပြောသွားသေးတယ်။ တစ်ခုခုခွဲမယ်ဆိုရင် ဗေဒင်အရင်မေးတဲ့။ ဖွ,လွဲပါစေ ဖယ်ပါစေ။ ခုတော့လည်း သူ့ကြည့်ရတာ အငယ်လေးနဲ့ စိတ်ချမ်းသာနေပုံပဲ။ ခေတ်လူတွေရဲ့ နှလုံးသားအာဟာရကို လိုက်မခံစားတတ်ပါဘူး။ ဦးနှောက်တွေ အရမ်းအလုပ် လုပ်သူတွေနဲ့ နှလုံးသား ရေဆာသူကြီးတွေနဲ့ အဆင်ပြေနေတာပေ့ါ။ လောကကြီးမှာ ရေသောက် နေသူနဲ့ ရေဖြည့်သူ အမြဲရှိနေပါလားလို့ သိလိုက်တယ်။ ဒါလည်း ခေတ်မီခြင်းတစ်မျိုး နေမှာလို့ပဲ ခပ်ပေ့ါပေ့ါ တွေးလိုက်တယ်။

အပြင်က အပူက မသက်သာတော့ ကျွန်တော်တို့ ယောကျ်ားသားတွေလည်း အကျႌမကပ် တော့ဘူး။ အမျိုးသမီးကလည်း ကျွန်တော့်ညီမနှစ်ယောက်နဲ့ အသက်အရွယ် မတူပေမယ့် ဝတ်ပုံစားပုံက တန်းတူကျတယ်။ ဂါဝန်ကားကားကြီးတွေကို ဝတ်ပြီး ဟိုသွားဒီသွား သွားနေတာပဲ။ အိုက်လွန်းလို့တဲ့။ တက္ကသိုလ်တက်နေတဲ့ ညီမအငယ်ကိုတော့ တော့်တော့်ကို

ကြည့်မရတော့ဘူး။ ဟိုးအရင်က ဒီလောက်မဟုတ်ဘူး။ ခုခေတ်ကျမှ စတိုင်တွေ အင်တိုက်အားတိုက် ပြောင်းလဲလာ တာ။ သူတို့ကတော့ ကိုရီးယားစတိုင်တဲ့။ သူတို့လူနေမှု အဆင့်အတန်းနဲ့ ဒီက ဘာဆိုင်လို့လဲ။ ဒီပြောင်းလဲမှုကတော့ အမြန်ဆန်ဆုံးပဲ။ အဝတ်အစားနဲ့ ဆံပင်စတိုင်တွေ တစ်ကားပြသွားတိုင်း ကျန်ရစ်နေခဲ့တော့တာပဲ။ သူတို့ကားတွေထဲမှာ ဘယ်လိုအောက်ခြေကနေ စကြိုးစားပြီး၊ အောင်မြင်သွားတယ်ဆိုတဲ့ အသိပညာပေးတွေ အများကြီးပါတယ်။ ဒီကိစ္စကျ ပြောစမှတ် တွင်အောင် မကျန်ဘူးဗျ။ အိမ်ကအမျိုးသမီးတွေ ပြောရင်လည်း အလုအယက်၊ သိပ်မကြာဘူး။ အဲဒီ ထဲက အဝတ်အစားအတိုင်း လိုက်ဝတ်၊ လိုက်ချုပ်ကြတော့တာပဲ။ ထားပါတော့ဗျာ။ ပြောရင် များကုန်လိမ့်မယ်။ အခိကက ညီမအငယ် တိုနံ့နံ့အကျႌတွေနဲ့ တိုနံ့နံ့ ဘောင်းဘီတွေ ဝတ်တဲ့ကိစ္စ။ အစ်ကိုရှေ့မှာ ကုန်းပြီး ထမင်းစားနေတာ မရှိမသေ့စကား နောက်ကနေ ဖြတ်သွားဖြတ်လာတောင် အသားရော၊ အတွင်းရောင်ရော မြင်နေရတာ ။ ဒါကတော့ လွန်လွန်းတယ်။ စိတ်ရှိလက်ရှိနဲ့ ထိုင်ခုံကို ဆောင့်ကန်ပစ်လိုက်တယ်။ မျက်ရည်ဝဲပြီး ငိုမဲ့မဲ့ဖြစ်သွားတယ်။ နောက်ခါတွေ့ရင် သတ်ပစ်မယ်လို့ ကြိမ်းဝါးထားတယ်။ ကျွန်တော်သမီးကို ဒီလိုယဥ်ကျေးမှု မရှိတဲ့ပုံစံတွေ မကူးစက်စေချင်ဘူး။

အကြီးမက ဘဏ်မှာလုပ်တာဆိုတော့ သိပ်ပြောစရာ မရှိဘူး။ ကျွန်တော်တို့မှာ မိဘမရှိတော့ ကိုယ်ကပဲ လူကြီးလုပ်နေရတယ်။ ဒီလိုကိစ္စတွေက ကျွန်တော် စာရေးတဲ့ အတွေး တွေကို ပျက်စီးစေတယ်ဗျာ။ သူငယ်ချင်းတစ်ယောက်ကတော့ အဲဒါလည်း မင်းအတွက် ကုန်ကြမ်း တစ်မျိုးပဲတဲ့။ ဒါလည်း ဟုတ်တာပဲ။ မြင်မြင်သမျှ အကုန် ကုန်ကြမ်းဆိုရင်လည်း မကောင်း တော့ဘူး။

ခေတ်က ဖွင့်ဟပြတော့လည်း အကုန်မြင်ရ သိရတာ ပေါ့လေ။ အကုန်သိရတော့လည်း တစ်နည်း မကောင်းပြန်ဘူး။ စိုးရိမ်စိတ် ဒီဂရီတွေက

မြင့်မားလာတယ်။ နောက်တစ်ခု ရှိသေးတယ်။ မိဘတွေကိုယ်တိုင် သားသမီးတွေကို နိုင်ငံခြားပို့ချင်ကြတယ်။ ဘယ်လောက်ကုန်ကုန် စည်းစိမ် ပြုတ်လည်း ကိစ္စမရှိဘူးဆိုတာ ပါသေးတယ်။ အဲဒါ မိဘတွေက သားသမီးဆီက မျှော်လင့်တာလေ။ မကောင်းဘူးလို့ မဆိုလိုပါဘူး။ ဟို… သူများနိုင်ငံမှာ ကျောထောက်နောက်ခံ ရှိရင်တော့ တစ်မျိုးပေါ့။ လွတ်တာမှတ်လို့၊ ဟိုရောက်မှ အခက်တွေ့ပြီး မျက်နှာငယ်ပြီး အဆင်မပြေလို့ ပြန်လာရတာ အများကြီး။ သူတို့ကတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုတဲ့ ပုံစံမျိုး။ သေချာလို့ဆိုရင် တစ်မျိုးပေါ့။ ခုတော့ သူများယောင်တိုင်း လိုက်ပါနေကြတာ။ ရပ်ကွက်ထဲ လမ်းထဲလည်း ပတ်စ်ပို့ သွားလုပ်ကြတာ နေ့စဉ်နေ့တိုင်းပဲ။ အချင်းချင်းမေး၊ တချို့ ကြက်တူရွေးက တော်တော် မယ်တော်က ကဲဆိုတာမျိုး ဘေးကသမီးလုပ်တဲ့သူက ဒီကိစ္စနဲ့ပတ်သက်ပြီး အင်းမလှုပ်၊ အဲမလှုပ်။

"အမလေး ပတ်စ်ပို့လုပ်တာ သူ့သူငယ်ချင်းတွေက နိုင်ငံခြားထွက် အလုပ်လုပ်ကြပြီလေ။ သူ့ကိုလည်း လှမ်းခေါ်လို့ သမီးက နောက်လဆို သွားရတော့မှာ ပတ်စ်ပို့ရုံးမှာ နိုင်ငံခြားထွက်မယ့် သူတွေ အများကြီးပဲ၊ ရှင်တို့မိသားစု လုပ်ထားကြပါလား"

"တော်ပါပြီဗျ။ သူများနိုင်ငံမှာ ကျွန်တော်က အလုပ်လုပ်ဖို့ ဝါသနာမပါဘူး။ အလည် လောက်သာ သွားချင်တာ။ မသွားဖူးပေမယ့်လည်း ဘယ်နိုင်ငံက ဘယ်လိုဆိုတာတော့ သိအောင် လေ့လာထားရတာ ပေါ့ဗျာ"

အဲဒီ အမျိုးသမီးက သူ့သမီး နိုင်ငံခြားသွားတော့မယ့်အကြောင်း လည်ပြောနေတာပဲ။ ဒါပေမယ့် အခု တစ်နှစ်လောက်ရှိရော့မယ်။ ဘယ်မှလည်း မထွက်သေးပါဘူး။ သူ့သူငယ်ချင်း ဆိုင်ကယ်နောက်က ပါသွားလိုက်၊ ယောကျ်ားလေးတွေနဲ့ စကားပြောနေလိုက်၊ ဒါပဲ တွေ့တာပဲ။ တစ်ခါတလေ CDOK ကို မိုက်နဲ့ အော်ကြီးဟစ်ကျယ်ဆိုသံ ကြားရသေးတယ်။

ကျွန်တော့်ကို မဟုတ်တာတွေချည်း ဖိပြောနေတယ်လို့ ထင်ဦးမယ်။

တချို့ လူငယ်တွေ ကြ တော့လည်း အသက်အရွယ်နဲ့ မလိုက် တော်ကြပြန်ရော။ လူမှုဆက်ဆံရေးလည်း ကောင်းတယ်။ မိဘတန်ဖိုးကို နားလည်း။ ပိုက်ဆံတန်ဖိုးကို သိတယ်။ ပရဟိတလုပ်ငန်းတွေကို ကိုယ်တိုင် ပါဝင်ဆောင်ရွက်တယ်။ ဘဝအသိဉာဏ်ပညာ မြင့်မားအောင် နေ့စဉ်နဲ့အမျှ ကြိုးစားနေကြတယ်။ ဒီလိုလူငယ်တွေအတွက်ကတော့ အလိုလိုနေရင်းကို ကြိုဆိုချင်နေတာ။ အခြေခံကောင်းတယ်လို့ပဲ ဆိုရမှာပေါ့။

ကျွန်တော် ဖြစ်စေချင်တာက အာရုံလိုက် လမ်းလွဲမှားမှုတွေဘက် ရောက်သွားမှာကို စိုးရိမ် ဆုံးပဲ။ အသီးအပွင့်တွေ ရိတ်သိမ်းခံရရင် မျိုးတုံးသွားသလိုမျိုးပဲ။ သူတို့ ဉာဏ်ရည်တွေကို မျိုးမတုံး စေချင်ဘူး။ လူငယ်ဆိုတာ ဖွံ့ဖြိုးစ အပင်ငယ်လေးတွေလိုပဲ။ အထက်ကို ငွားငွားစွင့်စွင့်နဲ့ ရှင်သန်စေရမယ်။ ခေတ်နဲ့အတူ လူငယ်တွေပေါ့။ ရေစီးထဲ မျောပါရင်း လိုက်ပြောင်းလဲသွားမှာကို မလိုလားဘူး။ ကိုယ့်မှာ ယုံကြည်ချက်၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်ကတော့ ရှိသင့်တာပေါ့။ ဖြစ်စေချင်တဲ့ဆန္ဒနဲ့ ဖိပြောနေတာပါဗျာ။ ကျွန်တော့်သမီးလေးရဲ့ ခေတ်ကျ ဘယ်လိုတွေ လာဦးမလဲ မသိဘူး။ ဒီခေတ်မိန်းကလေးတွေဝတ်တဲ့ အဝတ်အစားတွေကို ကြည့်ရင်း သမီးပူဆာ လာမယ့်နေ့ကို ရင်မောနေမိတယ်။ အဖေ့အနေနဲ့ များများပေးနိုင်တာဆိုလို့ စာနဲ့စကားတွေပဲ ရှိလိမ့်မယ်။ မတင့်တယ်တဲ့ အဝတ်အစားမျိုးဆိုရင်တော့ အဖေ လက်ရှောင်ရလိမ့်မယ်။

ခေတ်ရဲ့ သမီးပျိုတွေက ရဲတင်းတယ်။ သွက်လက်တယ်။ သိပ်ပြီး ဘာမှဂရုမစိုက်တတ် ဘူး။ ကျောင်းစိမ်းလေးနဲ့ သွားနေတဲ့သမီးကို ဖြူစင်နေတာ သိပေမယ့် တစ်စွန်းတစ်စ ညစ်နွမ်းသွား မှာ စိုးမိတယ်။

ညရောက်တော့ အိမ်ဘေးက မီးစက်အကြီးက တဒုန်းဒုန်း စမြည်ပြီ။ စာရေးဖို့ ခုံပေါ်ထိုင်ပြီး အားယူနေတုန်း…

“ဖေဖေ ဘရက်ပစ်နဲ့ အင်ဂျလီနာက ဗီယက်နမ်က ကလေးတစ်ယောက်ကို ထပ်မွေးစား လိုက်ပြန်ပြီတဲ့။ တွမ်နဲ့ ကိတ်ကလည်း

အိမ်အမျိုးမျိုး ပြောင်းနေကြတာ မိုက်သလား မမေးနဲ့။ ဘရစ်နေးစပီးယားအကြောင်း သိပြီးပြီလား ဖေဖေ။ စက်ကတ်ကြေးနဲ့ ကိုယ့်ဟာကိုယ် ကတုံး ရိတ်တယ်။ ပြီးတော့ ဓာတ်ပုံဆရာရဲ့ ကားမှန်ကို ရိုက်ခွဲလိုက်တယ်။ သူ့ယောက်ျား ကင်ဗင်နဲ့အတူ ကလေးတွေကို ပူးတွဲစောင့်ရှောက်ဖို့ လျှောက်ထားတာတဲ့။ စိတ်ရူးပေါက်သွားလို့ ဆေးရုံတင်လိုက်ရတယ်တဲ့။ ဘရစ်နေးစပီးယားက စိတ်ကျရောဂါ ဝင်နေတာတဲ့”

“မတော်သေးဘူးလား သမီး၊ အဖေ စာရေးတော့မယ်”

“ဖေဖေများ သိချင်မလားလို့ပါ။ လေကုန်ခံပြီးလည်း ပြောရသေးတယ်။ ဖေဖေက စာရေးနေတဲ့သူဆိုတော့ ခေတ်အကြောင်းကို မျက်ခြည်မပြတ် သိထားဖို့ လိုတယ်။ ဖေဖေတို့ ခေတ်အကြောင်းကို မလေ့လာရင် တစ်ခါလာလည်း ဒီပုံစံ၊ တစ်ခါလာလည်း ဒီပုံစံ ဖြစ်နေမှာပဲ”

ကဲ... မှတ်ကရော သမီးက ကျွန်တော့်ကို ခေတ်နဲ့ အဆက်ပြတ်နေတဲ့ ဘိုးတော်ကြီးပေါ့။ ကောင်းပါပြီ။ ခု ကျွန်တော် စ,ရေးမယ့်ခေါင်းစဉ်ကို ပြင်လိုက်ပြီ။ “ခေတ်အကြောင်း” လို့။

**ရုပ်ရှင်အမြုတေ မဂ္ဂဇင်း ၂၀၀၇**

***